


## သင့်ရင်သွေး၏ နားအကြားအာရုံကို အခမဲ့ စစ်ဆေးပေးသည်။




ကွင်းစလန်ပြည်နယ်ကျန်းမာရေး၏
**နားကောင်းစွာကြားနိုင်ရေး အစီအစဉ်**
သည် မည်သည့်ကလေးများအနေနှင့် မွေးစမှုစပြီး အမြဲတမ်း အကြားအာရုံ ဆုံးရှုံးလာခဲ့ကြသည်ဆိုသည်ကို သိရှိရန်ရည်ရွယ်လျက် စစ်ဆေးခြင်း ဖြစ်ပါသည်။ ဤဝန်ဆောင်မှုမှာ အခမဲ့ဖြစ်ပြီး ကွင်းစလန်ပြည် နယ်အတွင်း မွေးဖွားသော ကလေးများအားလုံးအတွက် အသုံးပြုနိုင်ပါသည်။

www.health.qld.gov.au/healthyhearing

Queensland Government

---

**. . အရွယ်၊ နားအကြားအာရုံနှင့် စကားပြောနိုင်မှု စစ်ဆေးခြင်းဆိုင်ရာ**

### မွေးစမှ ၃ လအရွယ်

- ☐ ကြားသိနေကျ အသံများနှင့် စကားပြောသံများကို နားယဉ်သည်။
- ☐ ရုတ်တရက်အသံများကြားရလျှင် လန့်သည်၊ သို့မဟုတ် ဇတ်ကနဲ လှုပ်ရှားသည်။

### ၃ လ မှ ၆ လအရွယ်

- ☐ စိတ်ဝင်စားစရာအသံများကြားလျှင် ဦးခေါင်းလှည့်ပြီး ကြည့်သည်၊ သို့မဟုတ် အသံထွက်လာရာသို့ မျက်လုံးများမှ လိုက်ကြည့်သည်။
- ☐ နားထောင်နေသည်ကို သိရသည်။
- ☐ အသံကြားပါက လွယ်ကူစွာ အိပ်နေရာမှ နိုးသည်။
- ☐ စကားသံနှင့်ဆင်သော အသံများ စ၍ပြုလုပ်သည်။

### ၆ လမှ ၁၂ လ အထိ

- ☐ 'နို့'၊ 'ဘိုင့်ဘိုင်' စသော ရိုးရိုးစကားလုံးများကို နားလည်သည်။
- ☐ စကားပြော အသံထွက်သည်များကို အတုခိုးသည်။
- ☐ နူးညံ့ပျော့ပြောင်းသော အသံများဘက်သို့ ခေါင်းကို လှည့်ကြည့်သည်။

### ၁၂ လ မှ ၁၈ လ အထိ

- ☐ တစ်ပါတ်နှင့်တစ်ပါတ် စကားလုံးများကို ပို၍နားလည်သည်ကို သိရသည်။
- ☐ လူ၊ ခန္ဓာကိုယ်အစိတ်အပိုင်းများနှင့် အရုပ်များ အမည်ကိုပြောပြီး မေးလျှင် လက်ညှိုးထိုးပြနိုင်သည်။
- ☐ နှုတ်ဖြင့်စေခိုင်းမှုရိုးရိုး၊ ဥပမာ 'ထိုင်' ဟုဆိုလျှင် လိုက်နာသည်။
- ☐ အမှန်တကယ်သုံးနေသော စကားလုံးများ ဥပမာ၊ 'ဘောလုံး'၊ 'ကား'၊ 'ခွေး' စသည်ကို ပြောသည်။

အကယ်၍ သင့်ကလေး၏ အကြားအာရုံနှင့်ပတ်သက်ပြီး စိတ်ပူပန်မှုရှိပါက သင့်ရင်သွေး၏ဆရာဝန် သို့မဟုတ် သင့်ရပ်ကွက် ကျန်းမာရေးဆေးခန်းရှိ ဝန်ထမ်းများထံ ဆက်သွယ်ပါ။

# သင့်ရင်သွေး၏ နားအကြားအာရုံကို စစ်ဆေးပေးခြင်း

နားအကြားအာရုံကောင်းခြင်းသည် သင့်ကလေးမွေးကင်းစ လသားအရွယ်မှ စပြီး စကားပြောခြင်းနှင့် ဘာသာစကားဖွံ့ဖြိုးတိုးတက်မှုအတွက် အလွန်အရေးကြီးသောအချိန်ဖြစ်သည်။ ကလေး ၁၀၀၀ တွင် တစ်ဦးသို့မဟုတ် နှစ်ဦးသည် နားအကြားအာရုံ သိသာစွာ ချွတ်ယွင်းမှုရှိလိမ့်မည်။

အကယ်၍ အကြားအာရုံဆုံးရှုံးမှုကို အချိန်စောပြီး မသိခဲ့ပါက နောင်တချိန် ကျောင်းပညာသင်သည့်အခါ သင့်ကလေးသည် စကားပြောဆိုမှုနှင့် ဘာသာစကားဖွံ့ဖြိုးမှုကို ထိခိုက်နိုင်ပါသည်။

## အတွက် နားအကြားအာရုံ ကောင်း၊မကောင်း စစ်ဆေးမှုနှင့်ပတ်သက်သော ရက်ချိန်း

..............................................................................

ရက်စွဲ - ..............................................................

အချိန် - ..............................................................

နေရာ - ..............................................................

## ကလေး၏ ကျန်းမာရေးစစ်ဆေးမှုများထဲမှ တစ်စိတ်တစ်ပိုင်း

နားကောင်းစွာကြားနိုင်ရေး အစီအစဉ်သည် အကြားအာရုံ အမြဲတန်း ဆုံးရှုံးပြီး မွေးဖွားခဲ့သော ကလေးများကို စစ်ဆေးသိရှိရန် ရည်ရွယ်ပါသည်။ ဤဝန်ဆောင်မှုမှာ အခမဲ့ဖြစ်ပြီး ကွင်းစလန်ပြည် နယ်အတွင်း မွေးဖွားသော ကလေးများအားလုံးအတွက် အသုံးပြုနိုင်ပါသည်။

သင့်ကလေးကို မွေးပြီးချိန်မှစ၍ ကျန်းမာရေးစစ်ဆေးမှု အတော်များများကို ပြုလုပ်ပေးပါမည်။ ၎င်းတို့အထဲမှတစ်ခုမှာ နားအကြားအာရုံ ဆုံးရှုံးမှုရှိ၊ မရှိ စစ်ဆေးခြင်းဖြစ်သည်။ ဤသို့စစ်ဆေးခြင်းကို ကလေး မွေးပြီးပြီးခြင်း ပြုလုပ်သင့်သည်။ အကယ်၍ သင်နှင့်သင့်ရင်သွေး ဆေးရုံမှဆင်းသည်အထိ မစစ်ဆေးရသေးပါက သင်တို့ အိမ်ပြန်ရောက်ပြီးချိန်တွင်လည်း အပြင်လူနာ အဖြစ် သွားရောက် အစစ်ဆေးခံနိုင်ပါသည်။

## နားအကြားအာရုံ စစ်ဆေးမှုကို မည်ကဲ့သို့ပြုလုပ်သလဲ?

နားအကြားအာရုံစစ်ဆေးမှုသည် ကလေးကို မထိခိုက်ပါ။ သူနာပြုသို့မဟုတ် နားအကြားအာရုံ စစ်ဆေးမှုအတွက် လေ့ကျင့်ထားသောသူတစ်ဦးက သင့် ကလေး ငြိမ်သက်နေချိန် သို့မဟုတ် အိပ်နေချိန်တွင် စစ်ဆေးပါမည်။ သင့် ကလေး၏ ဦးခေါင်းပေါ်တွင် ဝါဂွမ်းဖတ်များကို ညင်သာစွာတင်ပြီး နား နှစ်ဖက်ပေါ်တွင်လည်း ပျော့သောနားကြပ်များ တင်ပါမည်။ ကလစ်၊ ကလစ် မြည်သော အသံလေးများကို သင့်ကလေးနားအတွင်းသို့ သွားမြည်အောင် ပြုလုပ်ပေးပါမည်။ ဝါဂွမ်းဖတ်များက သင့်ကလေး မည်ကဲ့သို့ တုန့်ပြန်သည်ကို မှတ်တမ်းပြုပါလိမ့်မည်။

## စစ်ဆေးတွေ့ရှိချက်များကို ကျွန်ုပ် မည်သည့်အချိန်တွင် သိရမည်လဲ?

နားအကြားအာရုံကောင်း၊မကောင်း စစ်ဆေးတွေ့ရှိချက်များကို ချက်ခြင်းသိ ရမည်ဖြစ်ပြီး သင့်ကလေး၏ တစ်ဦးခြင်းဆိုင်ရာ ကျန်းမာရေးမှတ်တမ်းတွင် ရေးမှတ်ထားပါမည်။ စစ်ဆေးမှုပြုလုပ်သူက စစ်ဆေးတွေ့ရှိချက်များကို သင်နှင့် ဆွေးနွေးပါမည်။ အကယ်၍ သင် မသေချာ မရှင်းလင်းသည်များ ရှိခဲ့လျှင် မေးနိုင်ပါသည်။

## ဤသို့စစ်ဆေးခြင်းက ကျွန်ုပ်တို့ကို ဘယ်လို အချက်အလက်များပေးမှာလဲ?

နားတစ်ဖက်စီအတွက် ဤသို့စစ်ဆေးခြင်းက 'စစ်ဆေးခြင်း အောင်မြင်သည်' တွေ့ရှိချက် သို့မဟုတ် 'ကျွမ်းကျင်သူနှင့်တွေ့ပါ' ဟူသောတွေ့ရှိချက်ရပါမည်။ စစ်ဆေးမှုက သင့်ကလေး နားအကြားအာရုံ နှင့်ပတ်သက်ပြီး အသေးစိတ် အချက်အလက်များ ပေးမည်မဟုတ်ပါ။

## 'စစ်ဆေးခြင်း အောင်မြင်သည်' ဟူသောတွေ့ရှိချက်က ဘာကိုဆိုလိုသလဲ?

နားနှစ်ဖက်စလုံးအတွက် 'စစ်ဆေးခြင်း အောင်မြင်သည်' တွေ့ရှိချက်မှာ သင့်ကလေး စကားပြောခြင်းနှင့် ဘာသာစကားဖွံ့ဖြိုးမှုတိုးတက်မှုကို ထိခိုက် စေမည့် အကြားအာရုံ ဆုံးရှုံးမှု အလားအလာမရှိဟုဆိုလိုသည်။

ကလေးအရေအတွက် အနည်းငယ်မှာ စစ်ဆေးခြင်း အောင်မြင်သော်လည်း အချိန်ကြာမှပေါ်လာတတ်သည့် နားအကြားအာရုံ ဆုံးရှုံးမှုကြုံနိုင်သော အန္တရာယ်ရှိသည့် အချက်အလက်များ ရှိနေတတ်ပါသည်။ အကယ်၍ သင့် ကလေးတွင် ဤသို့သော အခြေအနေရှိနေပါက သူတစ်နှစ်မပြည့်မီ နား အကြားအာရုံဆိုင်ရာပညာရှင်နှင့် တွေ့ရန်ပြောပါမည်။ တွေ့ရမည့်အချိန်မှာ သင့်ကလေး၏ သီးခြားလိုအပ်မှုပေါ်တွင် မူတည်ပါသည်။ ဤသို့သော အန္တရာယ်ရှိသည့် အချက်အလက်များ ရှိနေတတ်သည့် ကလေးဦးရေ အနည်းငယ်မျှသာ နားအကြားအာရုံ ဆုံးရှုံးမှု ဖြစ်ကြသော်လည်း သင့်ကလေး နားအကြားအာရုံကောင်း၊မကောင်း စစ်ဆေးခြင်းကို မဖြစ်မနေ လုပ်ရန် အရေးကြီးပါသည်။

ကလေးများသည် အချိန်မရွေး နားအကြားအာရုံ ပြောင်းလဲနိုင်ပါသည်။ မည်သည့်အချိန်မဆို သင့်ကလေး၏ အကြားအာရုံနှင့်ပါတ်သက်ပြီး စိတ် ပူပန်ရခြင်းရှိပါက သင့်ရပ်ကွက်ဆေးခန်းရှိ သင့်ဆရာဝန်သို့မဟုတ် သူနာပြု နှင့် တွေ့ပါ။ ကလေးငယ်များနှင့် ကလေးများ မည်သည့်အရွယ်မဆို နား အကြားအာရုံကောင်း၊မကောင်း စစ်ဆေးခြင်း ပြုလုပ်နိုင်ပါသည်။

## 'ကျွမ်းကျင်သူနှင့်တွေ့ပါ' ဟူသော တွေ့ရှိချက်က ဘာကို ဆိုလိုသလဲ?

'ကျွမ်းကျင်သူနှင့်တွေ့ပါ' ဟူသော တွေ့ရှိချက်မှာ အချက်အမျိုးမျိုးကြောင့် ဖြစ်နိုင်ပါသည်။

- စစ်ဆေးမှုပြုသည့်အချိန်တွင် သင့်ကလေးငယ်သည် ငြိမ်သက်မှုမရှိခြင်း
- စစ်ဆေးမှုပြုသည့်အချိန်တွင် အနီးအနား တနေရာရာမှ ဆူညံသံတခု ဖြစ်နေနိုင်ခြင်း
- သင့်ကလေး မွေးပြီးပြီးခြင်း နားအတွင်းအရည်ရှိနေခြင်း သို့မဟုတ် နား ယာယီဆို့နေခြင်း
- မွေးစကလေး ဦးရေအနည်းငယ်မှာ အကြားအာရုံ ယာယီ သို့မဟုတ် အမြဲတန်း ဆုံးရှုံးမှုရှိနိုင်ပါသည်။ ဆုံးရှုံးမှုအတိုင်းအတာမှာ အသင့်အတင့်မှ သိသိသာသာအထိ ဖြစ်နိုင်ပါသည်။

အကယ်၍သင့်ကလေး၏ ပထမဆုံးစစ်ဆေးချက်က နားတစ်ဖက် သို့မဟုတ် နှစ်ဖက်လုံးအတွက် ' ကျွမ်းကျင်သူနှင့်တွေ့ပါ' ဟူသော တွေ့ရှိချက်ရခဲ့လျှင် နားနှစ်ဖက်လုံးအတွက် ဒုတိယအကြိမ် အကြားအာရုံစစ်ဆေးမှု ပြုပေးပါမည်။

အကယ်၍ သင့်ကလေး၏ ဒုတိယအကြိမ် စစ်ဆေးချက်က နားတစ်ဖက် သို့မဟုတ် နှစ်ဖက်လုံးအတွက် ' ကျွမ်းကျင်သူနှင့်တွေ့ပါ' ဟူသောတွေ့ရှိချက် ရခဲ့လျှင် သင့်ကို အကြားအာရုံဆိုင်ရာပညာရှင်နှင့် တွေ့ရန်ပြောပါမည်။ ထို့အပြင် သင့်ကို မိသားစုအတွက် ကူညီပံ့ပိုးရေး ဝန်ဆောင်မှုထံ ရည်ညွှန်း ဆက်သွယ်ပေးမည်။ ဤအကြောင်းအရာကို အသေးစိတ် ရှင်းပြထားသော နောက်ထပ် စာစောင်တစ်ခုကိုလည်း သင့်ကို ပေးပါမည်။

## ပိုမိုသိကောင်းစရာများကို မည်သည့်နေရာမှ ရနိုင်မည်လဲ?

သင့်ကလေး၏ နားအကြားအာရုံ ကောင်း၊မကောင်း စစ်ဆေးမှုနှင့်ပတ်သက် ၍ ပိုမိုသိလိုပါက သင့်မြို့နယ်ဆေးရုံ၊ သင့်ကလေး၏ဆရာဝန်၊ သို့မဟုတ် သင့်မြို့နယ်ဆေးခန်းမှ ဝန်ထမ်းများထံ ဆက်သွယ် မေးမြန်းပါ။







LAST UPDATED: June 2009

Language: Burmese